# လူလိမ်၊ ရူးသွပ်သူ သို့မဟုတ် အရှင်ဘုရား
## Liar, Lunatic, or Lord?




*ယေရှုသည် ဖိလိပ္ပုကဲသရိမြို့၏ ကျေးလက်သို့ ကြွတော်မူသောအခါ၊ လူများတို့သည် လူသားဖြစ်သောငါ့ကို အဘယ်သူဖြစ်သည် ဆိုကြသနည်းဟု တပည့်တော်တို့ကို မေးမြန်းတော်မူလျှင်၊ လူအချို့က၊ ကိုယ်တော်သည် ဗတ္တိဇံဆရာ ယောဟန်ဖြစ်သည်ဟူ၍၎င်း၊ အချို့က၊ ဧလိယဖြစ်သည်ဟူ၍၎င်း၊ အချို့က၊ ယေရမိမှစ၍ ပရောဖက် တပါးပါးဖြစ်သည်ဟူ၍ ၎င်းဆိုကြပါ၏ဟုလျှောက်ကြသော်၊ သင်တို့လည်း ငါ့ကို အဘယ်သူဖြစ်သည်ဆိုကြသနည်းဟု မေးမြန်းတော်မူလျှင် . . . . . (မဿဲ ၁၆း၁၃-၁၅)။*

အကယ်၍ သင်ဟာ ဤကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဘာ သာရေးခံယူချက်ကိုမဆို လက်ခံထားရှိသူ တစ်ဦးဦးကို အောက်ပါမေးခွန်းကို မေးကြည့်မယ်ဆိုလျှင် ဘယ်လိုအဖြေမျိုးကိုရရှိမလဲဆိုတာကို သင်စဉ်းစားမိဘူးပါသလား။




"မိတ်ဆွေရဲ့ထင်မြင်ယူဆချက်အရ ဤကမ္ဘာပေါ်မှာ ရှိခဲ့ဘူးသမျှသော လူတွေထဲမှာ ဘယ်လူသားဟာ ထူးကဲစွာပေါ် လွင်နေတဲ့လူသား ဖြစ်ပါသလဲ"လို့ မေးမယ်ဆိုလျှင် "နာဇရက်မြို့ သားယေရှုဖြစ်တယ်"ဆိုတဲ့အဖြေကို ရရှိဖို့ဘဲများပါတယ်။

ဟုတ်ပါတယ်။ လူတစ်ဦးဟာ သူ့ဘာသာကို သူမည်မျှပင် ကိုးကွယ်ယုံကြည်နေစေကာမူ ကမ္ဘာပေါ်ရှိလူသား အားလုံးရဲ့ သတင်းအချက်အလက်အားလုံးနဲ့ အကြောင်းအရာအားလုံးကို ဂဃဏနသိရှိရိုးမှန်လျှင် နာဇရက်မြို့သား ယေရှုကဲ့သို့ သော လူသားမျိုးဟာ ဤကမ္ဘာပေါ်မှာ တခါမှမရှိခဲ့ဖူးဘူး။ တခါမှလည်း ရှိနိုင်တော့မှာ မဟုတ်ဘူးဆိုတာကို ထိုသူလက်ခံနိုင်မှာဖြစ်ပါတယ်။ ထိုယေရှုဟာ ဘယ်သူနဲ့မှမတူဘဲ တမူထူးခြားတယ်ဆိုတာ မနေ့ယနေ့ နောင်ကာလ အတွက် မှန်ကန်သောစကားတစ်ခုပင်ဖြစ်ပါတယ်။




ထိုယေရှုဟာ သမိုင်းကြောင်းတစ်ခုလုံးကို ပြောင်းလဲပစ်လိုက်နိုင်သူဖြစ်ပါတယ်။ ဒါကြောင့် History ကို His Story (သူ၏အဖြစ်အပျက်) လို့ပင် သတ်မှတ်ထားကြပါတယ်။ ထိုယေရှုကို သမိုင်းမှ ထုတ်ပယ်လိုက်မယ် ဆိုလျှင် ရာဇဝင်သမိုင်းတစ်ခုလုံးပင်လျှင် လုံးဝပြောင်းလဲသွားအုံးမှာဖြစ်ပါတယ်။ ယခုအချိန်မှာ အောက်ပါမေးခွန်း များကို ဖြေကြည့်ကြပါစို့။




သင့်အတွက် ထိုနာဇရက်မြို့သားယေရှုဆိုတာ ဘယ်သူဖြစ်ပါသလဲ။

၁။ အများကပြောကြသလို သူဟာကိုယ်ကျင့်တရားကောင်းမွန်သောဆရာကြီးတစ်ပါးဖြစ်ယုံတင်လေးဘဲလား။

၂။ သူသည် ဗုဒ္ဓ၊ မိုဟာမက်ကဲ့သို့သော ဘာသာရေးခေါင်းဆောင်တစ်ဦးဘဲလား။

၃။ သူသည်ဓမ္မဟောင်းကျမ်းစာထဲမှာ ဖော်ပြခြင်းခံရသော ပရောဖက်များကဲ့သို့သော ပရောဖက်တပါးဘဲလား။

ခရစ်တော်နဲ့ပတ်သက်လာရင် လူတော်တော်များ များဟာ အထက်ပါမေးခွန်းသုံးခုထဲက အဖြေတစ်ခုခုကို လက်ခံ သဘောကျရင်း ရွေးချယ်အဖြေထုတ်လိုက်တတ်ကြပါတယ်။ တကယ်တော့ ခရစ်တော်ယေရှုက သူဟာ အထက်ပါမေးခွန်း သုံးခုတွင်ပါရှိသည့် ဤမည်သောပုဂ္ဂိုလ်ဖြစ်ပါတယ်လို့ သူ့ကိုယ်သူ မဖော်ပြသွားခဲ့ပါဘူး။




ဒါဆိုရင် ခရစ်တော်ယေရှု သူ့ကိုယ်သူ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို သူဘယ်လိုဖော်ပြသွားပါသလဲ ဆိုတာကို လေ့လာကြည့်ရအောင်။

ခရစ်တော်ပြောခဲ့တာတွေနဲ့ပတ်သက်ပြီးတော့ Mere Christianity ဆိုတဲ့စာအုပ်မှာ C.S. Lewis ကအောက်ပါအတိုင်း ဖော်ပြထားပါတယ်။

သာမန်လူတစ်ဦးဟာ ခရစ်တော်ပြောခဲ့တဲ့စကားမျိုးကို ပြောခဲ့လျှင် ထိုသူကို "ကိုယ်ကျင့်တရားကောင်းမွန် တဲ့ပုဂ္ဂိုလ်"လို့ သတ်မှတ်လို့မရနိုင်ပါဘူး။ ထိုကဲ့သို့သောစကားများကိုပြောသူသည် မိမိကိုယ်မိမိ ဘာမှန်းမသိအောင် ရူးသွပ်သောသူဖြစ်၍သာ ငါဟာကြက်ဥပြုတ်ဘဲလို့ လျှောက်ပြောတဲ့အခြေအနေထိအောင် စိတ်မနှံ့သူဟုတ်ရင် ဟုတ်၊ မဟုတ်ရင်တော့ ငရဲထဲကစာတန်မာရ်နတ်သာဖြစ်ပေမည်။ ထိုကဲ့သို့သောစကားများကို ပြောသူသည် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို သင်မုချဧကန်ရွေးချယ်သတ်မှတ်ရမှာဖြစ်ပါတယ်။ ထိုသို့ရွေးချယ် ရာတွင် ထိုသူသည် "ဘုရားသခင်၏သား" သို့မဟုတ် "ရူးသွပ်သူ" သို့မဟုတ် "သည့်ထက်အခြေအနေဆိုးသောသူ"ဆိုတဲ့ အခြေအနေသုံးခုအထဲက တစ်ခုခုကိုရွေးချယ်ရမှာဖြစ်ပါတယ်။




ထိုသူဟာအရူးဘဲဆိုပြီး သူ့ကိုသင်တားဆီးပိတ်ဆို့နိုင်ပါတယ်။ သို့မဟုတ် ထိုသူဟာမကောင်းဆိုးဝါး ဘဲဆိုပြီး တံထွေးနှင့်ထွေးပြီးမှ သူ့ကိုသတ်ပစ်နိုင်ပါတယ်။ သို့မဟုတ် ထိုသူရဲ့ ခြေရင်း၌ဒူးထောက်ပြီးမှ "အရှင်သခင် နှင့်ဘုရား" လို့လည်း သူ့ကိုသင်ခေါ်နိုင်ပါတယ်။ သို့သော် "ကိုယ်ကျင့်တရားကောင်းမွန်တဲ့ပုဂ္ဂိုလ်ပါ"ဆိုတဲ့ အပြောမျိုးနဲ့တော့ သူ့ကိုလက်ခံအားပေးစရာမလိုပါ။ ထိုသူကလည်း သူ့ကိုကိုယ်ကျင့်တရားကောင်းမွန် သူအဖြစ် သတ်မှတ်ရန်မရည်ရွယ်ခဲ့သလို၊ လူတွေသူ့ကိုဒီလို ခံယူဖို့အခြေအနေကိုလည်း သူမဖန်တီးထားပေးခဲ့ပါဘူး။




C.S Lewis ရဲ့ရေးသားဖော်ပြချက်အရ ခရစ်တော်နဲ့ပတ်သက်ပြီး ရွေးချယ်စရာသုံးခုရှိပါတယ်။ ခရစ်တော်သည်-

(၁) လူလိမ်ဖြစ်သည်။

(၂) သူရူးဖြစ်သည်။

(၃) ဘုရားသခင်ရဲ့သားတော်ဖြစ်သည်။




ခရစ်တော်ကတော့ သူဟာ ဘုရားဖြစ်တယ်လို့ ပြောသွားခဲ့ပါတယ်။

*ငါသည်ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏။ (ယောဟန် ၁၀း၃၀)*

*ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့ နှင့်အတူရှိပြီးမှ သင်သည် ငါ့ကိုမသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင် ခမည်းတော်ကိုအကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည် အဘယ်သို့ဆိုရသနည်း။ (ယောဟန်၊၁၄း၉)*




ခရစ်တော်ဟာ သူ့ကိုယ်သူ ဖော်ပြရာမှာ သိပ်ပြီးရှင်းလွန်းလှပါတယ်။ သူ့စကားတော်သံကို ကြားနာရသော လူသား အားလုံးတို့ဟာလည်း သူဘာကိုရည်ညွှန်းနေသလဲဆိုတာကို တိတိကျကျ သိကြပါတယ်။

ယေရှုကလည်း၊ *ငါအမှန်အကန်ဆိုသည်ကား၊ အာဗြဟံ မဖြစ်မှီ ငါဖြစ်၏ဟုမိန့်တော်မူ၏။ (ယောဟန် ၈း၅၈)* ဤကဲ့သို့ ပြောကြားခဲ့တဲ့ခရစ်တော်ကို ယုဒလူများက မကျေနပ်လို့ ခဲနဲ့ပေါက်ဖို့လုပ်ခဲ့ကြတယ် ဆိုတာကို လည်း ကျမ်းစာကတဆက်တည်း ဖော်ပြထားပါတယ်။ ခရစ်တော်ပြောခဲ့တဲ့ ထိုစကားကို ယုဒလူများဘာကြောင့် မကျေနပ် ဖြစ်ရသလဲဆိုတာကလည်း ရှင်းနေပါတယ်။ ခရစ်တော်က သူ့ကိုယ်သူဘုရား ပါဘဲလို့ ပြောခဲ့လို့သာလျှင် ထိုသူတွေမခံမရပ်နိုင်ဖြစ်သွားခဲ့ကြတာဘဲမဟုတ်ပါလား။




ထွက်မြောက်ရာကျမ်း (၃)မှာ ဖော်ပြချက်အရဆိုလျှင်လည်း ဘုရားသခင်ဟာ မောရှေနှင့်တွေ့ဆုံပြီး သူ့လူမျိုးတော် တို့ကို အီဂျစ်ပြည်မှ ကယ်ထုတ်ရန် တာဝန်ပေးအပ်စဉ်မှာ မောရှေကမေးပါတယ်။ "အကယ်၍ ဒီလူတွေက ဒီဘုရားရဲ့ အမည်ကိုသိချင်တယ်ဆိုရင် ကျွန်တော်ဘာပြန်ပြောရမှာလဲ ဘုရားသခင်"လို့ မောရှေမေး ခဲ့တာကို ဘုရားသခင်က (ထွက်၊ ၃း၁၄)မှာ အဖြေပေးထားပါတယ်။ *ဘုရားသခင်ကလည်း၊ ငါဖြစ် သည်အတိုင်း ငါဖြစ်၏ဟူ၍၎င်း၊ "ငါဖြစ်သည်"ဟု အမည်ရှိသောသူသည်၊ ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးသားတို့အား ပြန်ပြောလော့ဟူ၍၎င်း၊ မောရှေ အား မိန့်တော်မူ၏ . .* လို့ ကျမ်းစာက ဆိုထားပါတယ်။

ဘုရားသခင်က "ငါသည်ငါဖြစ်၏၊ I am who I am" လို့ သူ့ကိုယ်သူ တင်စားဖော်ထုတ်သွားခဲ့သလို ခရစ်တော်ကလည်း "ငါသည် ငါဖြစ်၏"၊ "ငါသည်အာဗြဟံ၊ ဣဇက်၊ ယာကုပ် တို့၏ဘုရားဖြစ်၏"လို့ သူ့ကိုယ်သူဘုရားဖြစ်ကြောင်းကို တဖန် ပြန်လည်ထုတ်ဖော်ပြော ကြားခဲ့ပါတယ်။

ဒီလိုဖော်ထုတ်ခဲ့လို့သာလျှင် ဖာရိရှဲတို့ဟာ နောက်တစ် ကြိမ်မှာလည်း ခရစ်တော်ကိုခဲနဲ့ပေါက်ဖို့ ကျောက်ခဲတို့ကို တဖန်ကောက်ယူခဲ့ကြပြန် ပါတယ်။ ဒီအခါမှာလည်း ခရစ်တော်က *"ငါ့ခမည်းတော်၏အခွင့်နှင့် ကောင်းသောအမှုအများတို့ကို သင်တို့အားပြပြီ။ ထိုအမှုတို့တွင် အဘယ် မည်သောအမှုကြောင့် ငါ့ကိုခဲနှင့်ပစ်ကြမည်နည်း"ဟု မေးတော်မူလျှင်၊ ယုဒလူတို့က၊ ကောင်းသောအမှုကြောင့် ခဲနှင့်ပစ်မည်မဟုတ်။ သင်သည်လူ ဖြစ်လျက်ပင် ဘုရားသခင်ဖြစ်ရောင်ဆောင်၍ ဘုရားသခင်ကို လွန်ကျူးသောစကားကြောင့် ခဲနှင့်ပစ်မည်ဟု ဆိုကြ၏။ (ယော ၁၀း၃၂-၃၃)*

*ယေရှုကလည်း၊ ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍၊ ငါသည်လည်း လုပ်၏ဟုပြန်ပြောတော်မူ၏။ သို့ဖြစ်၍ ဥပုသ်နေ့ကိုဖျက်သည်သာမက၊ ဘုရားသခင်ကိုမိမိအဘဟုခေါ်၍ မိမိကိုဘုရားသခင်နှင့် ပြိုင် နှိုင်းတော်မူသောကြောင့်၊ ယုဒလူတို့သည် ကိုယ်တော်ကို သတ်ခြင်းငှာ သာ၍ရှာကြံကြ၏။ (ယော ၅း၁၇-၁၈)*

ဒီကျမ်းစကားတွေကို ဖတ်ကြည့်လိုက်တာနဲ့ ဖာရိရှဲတို့ အဖို့ ထိုယေရှုဟာ သူ့ကိုယ်သူ ဘုရားသခင်ဖြစ်ပါတယ်လို့ ပြောလိုက်တာကို ကြားလည်းကြားကြတယ်။ သိလည်း သိကြပါတယ်။ သို့ပါသော်လည်း ဒါကို လက်မခံနိုင်ခဲ့ကြပါဘူး။ ဒီသတင်းစကားနဲ့ပတ်သက်ပြီး ဖာရိရှဲတို့ရဲ့ တုံ့ပြန်ချက်ကို ကြည့်ရင် သူတို့ဟာ ခရစ်တော်ကို "ကိုယ်ကျင့်တရားကောင်းမွန်သောဆရာ" သို့မဟုတ် "အရေးပါ အရာရောက်သော ဘာသာရေး ခေါင်းဆောင်" သို့မဟုတ် "ပရောဖက်တပါး" လို့ပင် မသတ်မှတ်နိုင်ခဲ့ကြပါဘူး။ ခရစ်တော်ကို သူတို့ "အသေသတ်ရမှုဖြစ်မယ်"လို့ သူတို့ရဲ့ရင်တွင်း ခံစားချက်ဖြစ်ပေါ်လာရခြင်းရဲ့အကြောင်းရင်းက ခရစ်တော်ဟာ လူသားတွေအတွက် အန္တရာယ်ရှိတဲ့လူဖြစ်နေလို့မဟုတ်ပါဘူး။ သို့သော် ထိုခရစ်တော်ဟာ သူတို့ (ဖာရိရှဲ)တို့အတွက် အန္တရာယ်ရှိတဲ့ပုဂ္ဂိုလ်ဖြစ်နေလို့ဘဲဖြစ်ပါတယ်။

*သူ့ကို ဤသို့အလွတ်ထားလျှင် လူခပ်သိမ်းတို့သည် ယုံကြည်ကြလိမ့်မည်။ ရောမလူတို့သည်လည်း လာ၍ငါတို့အရပ် ဌာနကို၎င်း၊ ငါတို့အမျိုးကို၎င်း၊ သုတ်သင်ပယ်ရှင်းကြလိမ့်မည် ဟု ပြောဆိုကြ၏။ (ယော၊၁၁း၄၈)*

ထိုဖာရိရှဲများတို့ကတော့ ခရစ်တော်ကို ဒီအတိုင်း ဆက်လွှတ်ထားမယ်ဆိုရင် လက်ရှိအခြေအနေမှာ သူတို့ရရှိ နေတဲ့အခွင့်အရေး၊ ပြုကျင့်နေတဲ့ ဘာသာရေးဓလေ့ထုံးစံနဲ့ သူတို့ပိုင်ဆိုင်ထားတဲ့ စည်းစိမ်ဥစ္စာပစ္စည်းတွေဟာလည်း ဆုံးရှုံးပျောက်ပျက်သွားနိုင်တာကို စိုးရိမ်ကြောက်ရွံ့ကြသူများဘဲဖြစ်ပါတယ်။

နောက်လူတစ်စုရှိပါသေးတယ်။ ထိုသူများကတော့ ထိုယေရှုကို ဖာရိရှဲတို့မြင်သလို မမြင်ခဲ့ကြပါဘူး။ ထိုသူများကတော့ ခရစ်တော်ရဲ့ အနောက်ကိုလိုက်သောတမန်တော်များနဲ့ ဓမ္မသစ်ကျမ်းကို ရေးသားပြုစုသူများတို့ဘဲဖြစ်ပါတယ်။ သူတို့ လည်း ခရစ်တော်ရဲ့စကားတော်တွေကို ဖာရိရှဲတို့ကြားတဲ့စကားအတိုင်း ကြားခွင့်ရခဲ့ကြရပါတယ်။ ထိုခရစ်တော်ပြောခဲ့သော စကားများကို တချိန်တည်းမှာ တပြိုင်နက်တည်း ကြားခဲ့ကြ သော်လည်း သူတို့ကျပြန်တော့ ထိုခရစ်တော်ကို အမြင်တစ်မျိုး နဲ့လက်ခံကြပြန်ပါတယ်။

ဒါကြောင့်လည်း မဿဲ၊ မာကု၊ လုကာ၊ ယောဟန်၊ ပေါလု၊ ပေတရုမှစ၍ ဓမ္မသစ်ကျမ်းကိုရေးသားပြုစုခဲ့ကြသူ များကတော့ "ယေရှုသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ၏ ဘုရားသခင်ဖြစ်၏"ဆိုတာကို လက်ခံရင်း ထိုအကြောင်းအရာကို သူတို့ရေးသားသောစာစောင်များထဲတွင် ဖော်ထုတ်ထားကြပါတယ်။ ထိုသူများတို့ကတော့ ယေရှုခရစ်တော်ကို သတ်ဖို့ မကြိုးစားခဲ့ကြရုံမျှမက "ခရစ်တော်သည် ဘုရားသခင်ဖြစ်တော် မူ၏"ဆိုတာကို ဝန်ခံရင်း တစ်ကမ္ဘာလုံးသိအောင် ရဲရဲဝံ့ဝံ့စတင်ပြောကြားခဲ့ကြသူများဖြစ်လာခဲ့ကြပါတယ်။ ဒီအတွက်ကြောင့် လည်း သူတို့ဟာ လှောင်ပြောင်ကဲ့ရဲ့ခံရခြင်း၊ အပြစ်တင်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းများတို့ကို ရင်ဆိုင်ခဲ့ရသည်သာမက အသေသတ်ခြင်းကိုပင် ခံခဲ့ကြရပါတယ်။ ဘုရားဖြစ်တော် မူသော ထိုယေရှုအတွက် မိမိတို့ရဲ့အသက်ကိုပင် စတေးသွားခဲ့ကြပါတယ်။

ရာဇဝင်သမိုင်းကြောင်းတလျှောက်မှာ ခရစ်တော်ယေရှုဟာ ဘယ်သူဘယ်ဝါဖြစ်ပါတယ်ဆိုတာကို ဖော်ပြကြရာမှာ "ဘာသာရေး ခေါင်းဆောင်အဖြစ်" "အံ့ဖွယ်နိမိတ်လက္ခဏာများ ကို ပြုနိုင်သူအဖြစ်" "အရေးပါအရာရောက်သော ဆရာကြီးအဖြစ်" "ပရောဖက်အဖြစ်" အမျိုးမျိုးဖော်ပြတတ်ကြပါတယ်။ ဒါပေမယ့် ထိုခရစ်တော်ရဲ့ နှုတ်တော်ထွက်စကားများကို တကယ်တမ်းနားထောင်ပြီးသူများနှင့် သူ့အကြောင်းကို ဂဃဏန ကြားသိပြီးသူများအဖို့ အောက်ဖော်ပြပါ(၃)ခုမှ တစ်ခုကိုသာလျှင် ရွေးချယ်ပြီး လက်ခံရဖို့ဘဲ ရှိနိုင်ပါတော့တယ်။

ထိုခရစ်တော်သည်

(၁) လူလိမ်ဖြစ်သည်။

(၂) ရူးသွပ်နေ၍သာပြောချင်တာတွေကို ရှောက်ပြောပြီး ကိုယ်ပြောတဲ့စကားကိုပင် ကိုယ်မသိသူဖြစ်သည်။

(၃) တကယ်ဘဲ ဘုရားရဲ့သားတော်ဖြစ်သည်။

ရှင်မဿဲ၊၁၆း၁၅ မှာ ခရစ်တော်ပြောခဲ့တဲ့ "သင်တို့ လည်း ငါ့ကိုအဘယ်သူဖြစ်သည်ဆိုကြသနည်း"ဆိုတဲ့ မေးခွန်းကို ယခုအခါမှာ သင်နှင့်ကျွန်ုပ်တို့ဖြေကြည့်ကြပါစို့။ ခရစ်တော်က သူသည် ဘုရားဖြစ်သည်လို့ ဖော်ပြထားသော သက်သေကျမ်းချက်များစွာတို့ကို သင်ဖတ်ရှုသိရှိပြီး တဲ့အခါမှာ ထိုယေရှုကို "ဘုရား"အဖြစ် သင်လက်ခံနိုင်မှာလားမိတ်ဆွေ။ ထိုသခင်ကို ဘုရားအဖြစ် သင်လက်ခံလိုက်နိုင်ပြီးဆိုလျှင် ယခုအချိန် ကစပြီး သင့်ရဲ့ဘဝအသက်တာတစ်ခုလုံးကို ထိုသခင်အတွက် သင်ပေးလိုသောဆန္ဒရောရှိမှာလား။ ထိုဆန္ဒသာသင့်၌ဖြစ်ပေါ်လာမယ်ဆိုရင် သင့်ဘဝအတွက် သင်ရှာဖွေနေသောအရာအား လုံးကို ထိုသခင်ထံ၌ သင်မြင်တွေ့လာမှာဖြစ်ပါတယ်မိတ်ဆွေ။

*ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်။ ငါ့ထမ်းဘိုးကိုတင်၍ ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏ဟု မိန့်တော်မူ၏။ (မဿဲ၁၁း၂၈-၃၀)*

-စတယ်လာဝေ-